# <u>မျက်မှောက်နိုင်ငံရေးအခြေအနေကို အကဲခတ်ကြည့်ခြင်း</u>

## <u>၂၀ - ၁၁ - ၂၀၁၉</u>

<u>'နအဖ' ရဲ့ အကျပ်အတည်း</u>

နအဖ က အာဏာရ ဖြစ်သည်။ သူကပဲ ရွေးကောက်ပွဲဥပဒေ ထုတ်နိုင်တာ၊ ရွေးကောက်ပွဲကော်မရှင် ဖွဲ့နိုင်တာ ဖြစ်သည်။ အခု ၂၀၁၉ ခုနှစ် ကုန်ခါနီးအထိ ကော်မရှင်လည်းမဖွဲ့၊ ဥပဒေလည်း မထုတ်ဘဲနေသည်။ ဘာကြောင့်လဲ။

- နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် အမေရိကန်က ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်စေဖို့ တွန်းတွန်းတိုက်တိုက် ပြောနေသည်။ လက်တွေ့အဓိပ္ပာယ်က NLD ပါမှ ဖြစ်မည်ဟု ပြောခြင်းဖြစ်သည်။ ရွေးကောက်ပွဲဝင်ဖို့ တန်းစီနေတဲ့ ပါတီတွေကို ပြောတာမဟုတ်။
- NLD က ရွှေဂုံတိုင်ကြေညာချက် ထုတ်ထားသည်။ ရွေးကောက်ပွဲဝင်မဝင်ကိစ္စကို မစဉ်းစားသေး။ DASSK ၏ ဗိုလ်သန်းရွှေထံ ပေးစာကလည်း အတွင်းသဘောအရ ရွှေဂုံတိုင်ထုတ်ပြန်ချက်ကို အခြေအနေနဲ့အညီ ပြုပြင်ထားခြင်းသာ ဖြစ်သည်။

ဒီလိုအခြေအနေမှာ 'နအဖ' အကျပ်တွေ့နေတာ ဖြစ်သည်။ ရွေးကောက်ပွဲက ၂၀၁၀ မှာ မုချလုပ်ရမည်။ အခုအချိန်အထိ ကော်မရှင်မဖွဲ့သေး၊ ဥပဒေမထုတ်သေးတာက ထုတ်လုပ်ပြီးခါမှ NLD က ရွေးကောက်ပွဲမဝင်နိုင်ဟု ဆုံးဖြတ်ခဲ့သော် နိုင်ငံရေးအကျပ်အတည်းက ပိုဆိုးသွားမည်ကို နအဖ စိုးရိမ်သည်။ အဲဒီအခါမှ နောက်ဆုတ်မရ၊ ရှေ့တိုးမရ ဖြစ်မှာကို 'နအဖ' ကြောက်သည်။ ဒါကြောင့် ချီတုံချတုံဖြစ်နေတာဟု ယူဆသည်။

NLD ကလည်း '၂၀၀၈ အခြေခံဥပဒေ' ကို မပြုပြင်ဘဲနဲ့တော့ ရွေးကောက်ပွဲဝင်ဖို့ ခက်သည်။ သူ့အနေအထားက တခြားပါတီတွေနဲ့မတူ။ '၁၉၉၀ ရွေးကောက်ပွဲ' မှာ အပြတ်အသတ် အနိုင်ရထားတဲ့ပါတီ ဖြစ်သည်။ ဒီလိုနိုင်ထားလို့ပဲ ပြည်တွင်းနဲ့ပြည်ပမှာ နိုင်ငံရေးသြဇာ ရှိနေတာ ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို စွန့်လိုက်ရင် ပြဒါးရှင်လုံးပျောက်သည့် တန်ခိုးရှင်လို ဖြစ်လိမ့်မည်။

နအဖ ဘက်ကလည်း NLD က ရွေးကောက်ပွဲသပိတ်မှောက်ခဲ့ရင် ဖြစ်လာနိုင်တဲ့ နောက်ဆက်တွဲ အကျိုးဆက်ကို ထည့်တွက်လိမ့်မည်။ 'ငြိမ်း' အဖွဲ့တွေက '၂၀၀၈ အခြေခံဥပဒေ' ကို ကျေနပ်နေကြတာ မဟုတ်။ 'ညောင် ၂ ပင်' တက်တာနဲ့ '၂၀၀၈ အခြေခံဥပဒေ' ကို လက်ခံတာလို့ အဓိပ္ပာယ်မသက်ရောက်။ သူတို့ 'ညောင် ၂ ပင်' မှာ တင်ပြထားတာတွေကို ချောင်ထိုးထားတာ ခံရလို့ မကျေနပ်ကြ။ သူတို့နည်းနဲ့သူတို့ '၂၀၀၈ အခြေခံဥပဒေ' ကို ပြုပြင်ချင်ကြသည်။

<u>ချုပ်လိုက်လျှင်</u> အခုဖြစ်နေတာက နအဖ နဲ့ NLD ရဲ့ နိုင်ငံရေးလွန်ပွဲ ဖြစ်သည်။ အခရာကျတာက NLD ဖြစ်သည်။

<u>နအဖ ဘက်က ရှေ့နေငှားထားသည်</u>။ မောင်စူးစမ်းနဲ့ နောက်လိုက်နောက်ပါများက နအဖ အတွက် ရှေ့နေလိုက်ပေးနေသည်။ (NLD မှာ ရှေ့နေမရှိ။ ရှေ့နေလိုက်လျှင် ထောင်ထဲရောက်သွားမည်။) NLD ကို 'နိုင်ငံရေးဈေးဆစ်မနေနဲ့' 'နိုင်ငံရေးဈေးဆစ်နိုင်တဲ့အင်အား မရှိဘဲ ဈေးဆစ်တာဟာ အတွေးအခေါ်ဆင်းရဲတာနဲ့ ရူးသွပ်တာ' လို့ မောင်စူးစမ်းက အတိအလင်း ပုတ်ခတ်နေသည်။

NLD မှာ ဈေးဆစ်နိုင်တဲ့အင်အား ရှိတယ်ဆိုတာကို အဲဒီလက်နက်ချများ မမြင်ပေမယ့် နအဖ ကတော့ မြင်သည်။ ဒါကြောင့် နအဖ ကိုယ်တိုင်က မပြော။ မောင်စူးစမ်းတို့ကိုပဲ သခင်အားရကျွန်ပါးဝ လုပ်ခိုင်းထားသည်။